

Translator-Min Hein Htet
တစ်ကောင်ကြွတ်
အတွဲ-၂၀

တစ်ကောင်ကြွက်

စာစဉ် (၂၇)

အပိုင်း ( ၁၉၁ )

*

ယူးအီးဟန်သည် ကမ္ဘာမြေပေါ်တွင် ဒုတိယအကြိမ်မြောက် အထီးကျန် ဘဝကို ဖြတ်သန်းနေရချိန်တွင်၊ ကောင်းကင်ဘုံတပ်မတော်၌ အယ် တာသည် အခြားကောင်းကင်တမန်များထံမှ ယုံကြည်နိုင်စရာမရှိသော သတင်းတစ်ခုကို ကြားသိနေရသည်။

"ငါ... ကြားတာ မှားသွားတာလား"

"မဟုတ်ဘူး၊ နင် ကြားတာ မှန်တယ်"

ဆဋ္ဌမအဆင့် အဆင့်မြင့် ကောင်းကင်တမန် တစ်ပါးဖြစ်သော တိုက်ဘီ ရက် က လေးနက်သော လေသံဖြင့် ပြောလိုက်သည်။

"ကောင်းကင်ဘုံတပ်မတော်က တောက်ပသောအလင်းရောင်တပ်မတော် နဲ့ ဖျက်ဆီးခြင်းနတ်ဆိုးတပ်သားတွေ ဆွေးနွေးညှိနှိုင်းပြီး ကမ္ဘာမြေကို လျစ်လျူရှုထားဖို့ ဆုံးဖြတ်လိုက်တယ်၊ တတိယအကြိမ်မြောက် ကပ်ဘေး ကြီးနဲ့အတူ လူသားတွေကို နှင်ထုတ်ပစ်တာကလည်း သူတို့နဲ့အတူ ပူးပေါင်းလုပ်ဆောင်ခဲ့တာပဲ"

"ဘယ်လိုလုပ်ပြီး...!"

"ကမ္ဘာမြေရဲ့ သေဆုံးထိခိုက်မှုတွေကို တတ်နိုင်သမျှ လျှော့ချဖို့အတွက်ပဲ၊

နင်လည်း အဲဒါကို မသိဘူးလား၊ အဆင့်တက်သွားတဲ့ ကမ္ဘာသစ်တစ်ခုက မူလလူသားတွေရဲ့ အခြေအနေကိုလေ၊ အဲဒီအပိုင်းမှာတော့ ကမ္ဘာမြေက ကံကောင်းပါတယ်၊ သူတို့ထဲက 'အများစု' က တခြားကမ္ဘာတွေကို အားကိုးလို့ ရသွားတာပဲ"

ပြတ်သားသော အဖြေကြောင့် အယ်တာ စကားမပြောနိုင်ဖြစ်သွားသည်။

အင်းလေ... လူသားမျိုးနွယ်ကို ကာကွယ်ရမှာက ကောင်းကင်ဘုံ တပ်မတော်ရဲ့ တာဝန်ပဲလေ။ ဒါပေမဲ့ အဲဒီလိုလုပ်ဖို့အတွက် အဲဒီမှာရှိတဲ့ လူတွေအားလုံးကို တခြားကမ္ဘာတွေဆီ နှင်ထုတ်ပစ်လိုက်တယ် ဟုတ်လား။

မဟုတ်သေးဘူး၊ အဲဒီမတိုင်ခင် အကြောင်းပြချက်က ဘာပဲဖြစ်ဖြစ်၊ တောက်ပသောအလင်းရောင်တပ်မတော် နဲ့ ဘယ်လိုလုပ် ပူးပေါင်းနိုင်ရတာလဲ။ သူတို့ ဘာကြောင့် ပျက်စီးယိုယွင်းသွားရသလဲဆိုတာကို ကောင်းကင်တမန်တွေက ဘယ်သူ့ထက်မဆို ပိုသိသင့်တာပေ့ါ။

"ကလေးတွေကရော... ကပ်ဘေးကြီးအပြီးမှာ မွေးလာတဲ့ ကလေးတွေက ဘာဖြစ်သွားမလဲ"

ယူးမီးရ်ကို တွေးမိရင်း အယ်တာက မေးလိုက်သည်။ တိုက်ဘီရက် က အေးစက်စွာ ပြန်ဖြေသည်။

"အဲဒါက ငါတို့ ခံစားရမယ့် အနည်းဆုံး သေဆုံးထိခိုက်မှု အရေအတွက်ပဲ... အင်း၊ အဲဒီကလေးတွေတော့ သေရလောက်တယ်"

"အကောင်းအဆိုးကိုတောင် ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်း မရှိသေးတဲ့ သနားစရာ သိုးသူငယ်လေးတွေကို... နင်တို့က စတေးပစ်လိုက်မလို့လား၊ ကမ္ဘာမြေရဲ့ သေဆုံးထိခိုက်မှုတွေကို လျှော့ချရမယ်ဆိုတဲ့ အကြောင်းပြချက်တစ်ခုတည်းနဲ့လား..."

"ကမ္ဘာမြေကြီး အဆင့်တက်သွားလို့ လူကြီးတွေ အကုန်လုံး သေကုန်တာ ထက်တော့ အများကြီး ပိုကောင်းတယ်လေ၊ အခု ဟုတ်တယ် မဟုတ်လား"

ထိုစကားကို ကြားသောအခါ အယ်တာ၏ ရင်ထဲတွင် စုတ်ပြတ်သပ်သွားသကဲ့သို့ ခံစားလိုက်ရသည်။ ဖခင်ဖြစ်သူကို လိုက်ရှာနေမည့် ယူးမီးရ်၏ ပုံရိပ်က သူမ၏ မျက်လုံးထဲတွင် စွဲထင်နေသည်။

သူမက မပြသရန် ကြိုးစားခဲ့သော်လည်း၊ ယူးမီးရ်သည် ယူးအီဟန်ထက်ပင် သူမအတွက် အရေးအကြီးဆုံးသော ဖြစ်တည်မှုတစ်ခု ဖြစ်ကောင်းဖြစ်နိုင်သည်။ စွန့်ပစ်ခံကမ္ဘာတစ်ခုတွင် ၂ နှစ်နှင့် ၉ လတာ ကာလအတွင်း သူ့ထံမှ သူမ အကူအညီ မည်မျှရခဲ့သနည်း။ သို့သော် ယခုအခါ သူမသည် သူ့ကို သေခိုင်းထားခဲ့ရတော့မည်လား။

"သူတို့ရဲ့ ဝိညာဉ်တွေ အားလုံးက အသက်အသစ်တွေ ဖြစ်လာပြီး ပြန်လည်မွေးဖွားလာကြလိမ့်မယ်၊ နင် စိတ်ပျက်အားငယ်နေစရာ မလိုပါဘူး၊ အဲဒါက တရားသေနိယာမပဲ"

"တရားသေနိယာမ..."

ဟုတ်ပါသည်။ ဝိညာဉ်များက ဝင်စားကြသည်။ ၎င်းမှာ ပြောင်းလဲခြင်းမရှိသော တရားသေနိယာမတစ်ခုဖြစ်ပြီး ကောင်းကင်တမန်များအားလုံး ယုံကြည်သော အယူအဆတစ်ခုလည်းဖြစ်သည်။ သို့သော် ထိုအချက်က အသက်ရှင်နေသော သက်ရှိများစွာကို စတေးပစ်ခြင်းအတွက် တရားမျှတမှု မရှိစေပေ။

အသက်ရှင်ခြင်းဆိုတာ ပွင့်လန်းလာလို့ လှပပြီး၊ အချိန်တန်ရင် ညှိုးနွမ်းသွားလို့ လှပတာပါ။ အယ်တာကတော့ ဒီလို စတေးပစ်တာမျိုးကို လက်မခံနိုင်ပါဘူး။ ဒါက သူမယုံကြည်တဲ့သခင် အလုပ်လုပ်တဲ့ ပုံစံမျိုး မဟုတ်ဘူး။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး သဘောထားကွဲလွဲမှုတွေ ရှိနိုင်တယ်၊ ဒါကြောင့် အောက်ခြေ ကောင်းကင်တမန်တွေကို အသိမပေးဘဲ ငါတို့ ဆက်လုပ်ခဲ့တာ၊ ဒါပေမဲ့ နင်က မကြာခင် ဆဋ္ဌမအဆင့်ကို ရာထူးတိုးတော့မှာမို့လို့ရယ်၊ ပြီးတော့ ယူးအီဟန် ဆိုတဲ့ လူရဲ့ အစောင့်အရှောက် ကောင်းကင်တမန် ဖြစ်နေလို့ရယ် ငါ အခု ပြောပြနေတာ"

ဒေါသထွက်နေသော အယ်တာကို ကြည့်ရင်း တိုက်ဘီရက် က ဖြည့်စွက်ပြောလိုက်သည်။ 'ငါ နင့်ကို အထူးအခွင့်အရေး ပေးထားတယ်ဆိုတော့ လက်ခံပြီး မေ့ပစ်လိုက်တော့' ဟု ပြောနေသကဲ့သို့ပင်။ သို့သော် ထိုအချက်က အယ်တာကို ပို၍ပင် ဒေါသထွက်စေသည်။

ဒီလိုဖြစ်လာမယ်မှန်းသာ သိခဲ့ရင်၊ 'ဆဋ္ဌမအဆင့်' ဆိုတဲ့ စကားလုံးတွေကြောင့် သူမ ဝမ်းသာအားရနဲ့ ပျံသန်းလာခဲ့မှာ မဟုတ်ဘူး။ ကောင်းကင်ဘုံက ဘာအမိန့်ပဲပေးပေး လျစ်လျူရှုပြီး လီအယ်ရာလိုမျိုး ယူးအီဟန်နားမှာပဲ ကပ်နေခဲ့မှာပေါ့။ ယူးမီးရ်ဲ ဆိုတဲ့ အဲဒီကလေးလေးကို သူမ စောင့်ရှောက်ပေးခဲ့သင့်တာ။

"ပြီးတော့ လီအယ်ရာ ကရော... သူ ဒါကို သိလား"

"သူ ဘာမှမသိဘူး၊ သူက လူသားတွေနဲ့ အရမ်း နီးစပ်လွန်းသွားပြီ၊ တပ်မတော်ရဲ့ အဖွဲ့ဝင်တစ်ယောက်အနေနဲ့ သူ့ရဲ့အလုပ်ထက် အဲဒီ လူသားတစ်ယောက်တည်းကိုပဲ သူ ပိုပြီး အာရုံစိုက်နေခဲ့တာ... သူသာ ဒါကိုကြားရင် ဘယ်လိုတုံ့ပြန်မလဲဆိုတာ သိသာပါတယ်"

အယ်တာလည်း ဘာဖြစ်လာမလဲဆိုတာကို ကြိုတင်ခန့်မှန်းနိုင်သည်။ သူမသာဆိုလျှင် ကောင်းကင်ဘုံတစ်ခုလုံးကို မှောက်လှန်ပစ်ရန် ကြိုးစားမည်ဖြစ်သည်။ ထို့နောက် ကမ္ဘာမြေကို သွားမည်ဖြစ်သည်။ ယူးအီဟန် ထိုအခြေအနေသို့ ရောက်နေသည်ကို သူမ လက်ခံမည်မဟုတ်ပေ။ သို့သော်

အယ်တာသည် သူမ၏ ရဲရင့်မှုကို အားကျနေမိသည်။

သူမက သူမလုပ်ချင်တာကို မဆိုင်းမတွ လုပ်ခဲ့တယ်၊ အဲဒါက ယူးအီဟန်နဲ့ တော်တော်လေး တူတာပဲ။

အခုကြည့်လိုက်စမ်း။ အယ်တာသည် ဆဋ္ဌမအဆင့် ရရှိခြင်းက ယူးအီဟန်ကို ပိုမိုကူညီနိုင်လိမ့်မည်ဟု တွေးကာ ကောင်းကင်ဘုံသို့ လာခဲ့သော်လည်း၊ နောက်ဆုံးတွင် သူ့ကို ဘယ်တော့မှ ပြန်မတွေ့ရတော့မည့် အခြေအနေသို့ ရောက်သွားခဲ့သည်။ သို့သော် လီအယ်ရာကမူ အကျိုးကြောင်းဆင်ခြင်မှုနှင့် အကြောင်းပြချက်များ အားလုံးကို လျစ်လျူရှုကာ၊ သူမ၏ အလုပ်တာဝန်များကိုပင် ဘေးဖယ်ထားပြီး၊ သူ၏ဘေးတွင် နေလိုသော သူမ၏ စစ်မှန်သော ခံစားချက်များအတိုင်း ယူးအီဟန်နှင့်အတူ နေရစ်ခဲ့သည်။ ရလဒ်ကရော။ အခု သူမက သူ့ဘေးမှာ ရှိနေတယ် မဟုတ်လား။

'ဟုတ်တယ်၊ အဲဒီနှစ်ယောက်က တကယ်ကို လိုက်ဖက်တယ်၊ အကျိုးအကြောင်းတွေ၊ ဘာတွေညာတွေကို အကုန်လုံး ထည့်တွက်ပြီး၊ နောက်ဆုံးတော့ ကျရှုံးသွားတဲ့ ငါနဲ့မတူဘဲ...'

အယ်တာသည် ကိုယ့်ကိုယ်ကိုယ် မုန်းတီးသည့် ခံစားချက်တစ်ခုကို ခံစားလိုက်ရသည်။ သူမ အလွန်သနားစရာကောင်းပြီး အဖြစ်ဆိုးလှသည်ဟု ခံစားရကာ၊ အားလုံးထက် ယူးအီဟန်ကို သူမ တွေ့ချင်နေသည်။

"ဒီအစီအစဉ်ကို အစကတည်းက ငါတို့ လက်ခံခဲ့တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ကမ္ဘာမြေရဲ့ တိုးတက်မှုက အရမ်းမြန်လွန်းနေတယ်၊ ဒီအတိုင်းဆိုရင် ကမ္ဘာမြေပေါ်ကို ကြီးမားတဲ့ ကပ်ဘေးကြီးတစ်ခု ကျရောက်လာလိမ့်မယ်လို့ ငါတို့ တွေးခဲ့တယ်..."

"ဒီလိုလုပ်ဖို့... 'သခင်' က ရည်ရွယ်ခဲ့တာလား"

ကောင်းကင်တမန်များ ရည်ညွှန်းသော 'သခင်' မှာ တစ်ပါးတည်းသာ ရှိသည်။ အယ်တာ ထိုသို့မေးလိုက်သောအခါ တိုက်ဘီရက် က မဆိုင်းမတွ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ သခင် ကိုယ်တိုင်က တခြားအဖွဲ့အစည်းတွေက ခေါင်းဆောင်တွေနဲ့ တိုက်ရိုက်ဆွေးနွေးပြီး ဒီကိစ္စကို ဆက်လုပ်ခဲ့တာ"

"ဒါဆိုရင်…"

ငါ့မှာ ရွေးချယ်စရာ မရှိတော့ဘူး။

အယ်တာသည် နောက်စကားများကို ဆက်မပြောနိုင်တော့ပေ။ သူမ ၎င်းကို လက်မခံနိုင်သေးပေ။ 'သူတို့ သေရမှာ သေချာနေလို့' ဆိုတဲ့ အကြောင်းပြချက်လေးတစ်ခုတည်းနဲ့ ကမ္ဘာမြေသားတွေကို တခြားကမ္ဘာတွေဆီ သူတို့သဘောနဲ့သူတို့ နှင်ထုတ်ပစ်လိုက်တာလား။ ဒါက အာဏာရှင်စနစ် မဟုတ်ရင် ဘာလဲ။

ထိုနေရာအထိ တွေးမိသောအခါ၊ ကောင်းကင်ဘုံသည် လူသားများကို အခြားကမ္ဘာများသို့ ၁၀ နှစ်တိုင်တိုင် သူတို့သဘောဖြင့်သူတို့ ပို့ဆောင်ခဲ့စဉ်ကတည်းက အာဏာရှင်စနစ်ကို ကျင့်သုံးနေခဲ့ကြောင်း သူမ သတိရသွားသည်။

ဟုတ်ပါသည်။ ပြောင်းလဲသွားသည်မှာ ကောင်းကင်ဘုံတပ်မတော် မဟုတ်ဘဲ အယ်တာကိုယ်တိုင်သာ ဖြစ်သည်။

သူမ၏ အကြည့်များသည် တိုက်ဘီရက် ဘေးတွင် ရပ်နေသော ကောင်းကင်တမန်ဆီသို့ ရောက်သွားသည်။ ထိုနေရာတွင် ရပ်နေသူမှာ စပီအယ်ရာ ပင်ဖြစ်သည်။ သူမသည် အလုပ်တွေ အများကြီးရှိသည်ဟု ပြောခဲ့သော်လည်း အယ်တာကို တိုက်ဘီရက် ထံသို့ ခေါ်ဆောင်လာခဲ့သူဖြစ်သည်။

ဖြစ်နိုင်သည်မှာ ဤသည်မှာ အယ်တာအပေါ် သူမ၏ ကိုယ်ပိုင်နည်းလမ်းဖြင့် စာနာထောက်ထားမှု ပြသခြင်းဖြစ်နိုင်သော်လည်း၊ အယ်တာကမူ အရာအားလုံးထက် ပို၍ စိတ်အနှောင့်အယှက်ဖြစ်နေသည်။

"စပီအယ်ရာ၊ နင် ဒါကို သိနေခဲ့တာ မဟုတ်လား"

"သိတာ သိပ်မကြာသေးပါဘူး၊ ပြီးတော့ ငါလည်း တော်တော်လေး စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတယ်၊ ဘာလို့လဲဆိုတော့ ဒီပူးပေါင်းအစီအစဉ်ကို ဦးဆောင်ခဲ့တာက တခြားမဟုတ်ဘူး၊ သစ္စာဖောက်တွေပဲလေ"

"ဒါပေမဲ့ နင် လက်ခံခဲ့တယ်လေ"

"ငါ သဘောမတူရုံနဲ့ ပြောင်းလဲသွားနိုင်မယ့် ကိစ္စမှ မဟုတ်တာ"

စပီအယ်ရာသည် ဤလောကတွင် ဘာကိုမျှ မကြောက်ရွံ့သော ဆဋ္ဌမအဆင့်ရှိ အဆင့်မြင့် ကောင်းကင်တမန်တစ်ပါး ဖြစ်သော်လည်း၊ ကောင်းကင်ဘုံတပ်မတော်တွင် စွမ်းအားပိုင်း၌ သူမနှင့် ယှဉ်နိုင်သူ အများအပြား ရှိနေသေးသည်။ သူမပြောသည်မှာ မှန်သည်။ သူမ သဘောမတူလျှင်ပင် ဘာမှပြောင်းလဲသွားမည်မဟုတ်ပေ။

"ဒါကြောင့် ယူးအီဟန်ကို တတ်နိုင်သမျှ မြန်မြန် ကောင်းကင်တမန်ဖြစ်လာစေချင်ခဲ့တာ၊ ကမ္ဘာမြေသား တစ်ယောက်က ကောင်းကင်တမန်ဖြစ်လာမယ်ဆိုရင် ကမ္ဘာမြေပေါ်မှာ စစ်ပွဲဆင်နွှဲစရာ မလိုတော့ဘဲ၊ ကမ္ဘာမြေကို ကောင်းကင်ဘုံရဲ့ နယ်မြေအဖြစ် ချက်ချင်း ပြောင်းလဲပစ်လို့ ရတယ်လေ၊ ယူးအီဟန်က ငါ မျှော်လင့်ထားတဲ့အတိုင်း လျင်လျင်မြန်မြန် ကြီးထွားလာခဲ့ပေမဲ့၊ ဝမ်းနည်းစရာက အချိန်မလောက်ခဲ့ဘူး၊ ကမ္ဘာမြေက… ငါတို့ရဲ့ မျှော်လင့်ချက်တွေ အားလုံးထက် ကျော်လွန်သွားခဲ့ပြီ"

"… ဟားဟား"

ထိုစကားကို ကြားပြီးနောက် အယ်တာ ရယ်မောလိုက်မိသည်။ အဆင့်မြင့်မြတ်သူတစ်ပါး ဖြစ်လာချိန်မှစ၍ မကြာခဏ မခံစားခဲ့ရသော စိတ်ပျက်အားငယ်မှုသည် သူမ၏ ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားသည်။ လူတိုင်းက သူတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် လှုပ်ရှားနေကြချိန်တွင် သူမသည် လုံးဝ အရူးတစ်ယောက် ဖြစ်သွားသကဲ့သို့ပင်။

'ငါ ဘာလုပ်ရမလဲ ယူးအီဟန်၊ ကောင်းကင်ဘုံတပ်မတော်နဲ့ ကောင်းကင်တမန်တွေကို ယုံကြည်ဖို့ ရှင့်ကို အမြဲတမ်း ပြောခဲ့တာ ငါပါ၊ ဒါပေမဲ့ အခုတော့ ငါက ဒီလိုဖြစ်နေပြီ...'

အယ်တာသည် ယူးအီဟန်နှင့်ပတ်သက်၍ သူမ၏ အပြစ်ကင်းစင်မှု ကင်းမဲ့သွားသလို ခံစားချက်ကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ မသိဖြစ်နေစဉ်မှာပဲ၊ တိုက်ဘီရက် က သူမ ဘာတွေးနေမှန်းတောင် မသိဘဲ စကားပြောလာပါတယ်။

"အယ်တာ၊ နင် မကြာခင် ဆဋ္ဌမအဆင့် အဆင့်မြင့် ကောင်းကင်တမန်တစ်ပါး ဖြစ်လာတော့မယ်၊ ဒါကြောင့် အဆင့်နိမ့်သူတစ်ယောက်နဲ့ အတူရှိနေတုန်းက နင့်ရဲ့ တွေးခေါ်ပုံတွေကို ဖယ်ရှားပစ်ဖို့ လိုတယ်၊ ကမ္ဘာမြေကြီးက ပြီးပြည့်စုံတဲ့ အဆင့်မြင့်ကမ္ဘာတစ်ခု ဖြစ်လာတာနဲ့၊ အဆင့်မြင့်မြတ်သူအဖွဲ့အစည်းတွေ အားလုံးက ကမ္ဘာမြေပေါ်မှာ နောက်တစ်ကြိမ် ထပ်ပြီး တိုက်ခိုက်ကြတော့မှာ..."

"... မလုပ်နိုင်ဘူး"

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် အယ်တာ ခေါင်းခါလိုက်သည်။ တိုက်ဘီရက် က နားမလည်နိုင်စွာဖြင့် ခေါင်းစောင်းသွားသော်လည်း၊ အယ်တာ ဘာကိုဆိုလိုသည်ကို စပီအယ်ရာ ချက်ချင်း သဘောပေါက်သွားသည်။

"အယ်တာ... နင် တကယ်ပြောနေတာလား"

"အင်း"

အယ်တာသည် သူမ၏ ရင်ထဲရှိ ဒေါသများကို အတတ်နိုင်ဆုံး ထိန်းချုပ်ကာ တိုတုတ်စွာ ပြန်ဖြေလိုက်သည်။

"ငါ့ရဲ့ စွမ်းဆောင်ရည်တွေက... အဆင့်မြင့် ကောင်းကင်တမန်တစ်ပါး ဖြစ်လာဖို့ မသင့်တော်သေးဘူး၊ ငါကိုယ်ငါ အဆင့်မြင့် ကောင်းကင်တမန် တစ်ပါး ဖြစ်ဖို့ သင့်တော်တယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါကျမှ နင့်ကို ထပ်မေးလိုက်ပါ့မယ်"

"အယ်တာ... နင့်ရဲ့ မှော်ပညာရော၊ စွမ်းဆောင်ရည်တွေပါ လုံလောက်တယ်လို့ ဆုံးဖြတ်ပြီးမှ ဒါက ငါတို့ရဲ့ ဆုံးဖြတ်ချက်ပါ... ဒါပေမဲ့ ကာယကံရှင်ကိုယ်တိုင်က အဲဒီလို မထင်ဘူးဆိုရင်တော့ ငါလည်း ဘာမှမတတ်နိုင်ဘူး၊ နားလည်ပါပြီ... အဲဒီအတိုင်းပဲ လုပ်ကြတာပေါ့"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

သူမ မည်မျှပင် ဖုံးကွယ်ရန် ကြိုးစားစေကာမူ၊ သူမ၏ ဒေါသမှာ အလွန်ကြီးမားလွန်းသဖြင့် ဖုံးကွယ်၍ပင် မရနိုင်ပေ။ တိုက်ဘီရက် သည်လည်း သူမ၏ ခံစားချက်များကို သတိထားမိသွားသည်။

"... နင် ထူးထူးဆန်းဆန်း တစ်ခုခုကို တွေးနေတာတော့ မဟုတ်ပါဘူးနော်"

"ထူးထူးဆန်းဆန်းဆိုတာ ဘာကို တိတိကျကျ ဆိုလိုတာလဲ"

တိုက်ဘီရက် က ပြန်မဖြေနိုင်ဘဲ စပီအယ်ရာက ဘေးမှနေ၍ ခါးသက်သက်သာ ပြုံးနေလိုက်သည်။ အဆင့်မြင့် ကောင်းကင်တမန် နှစ်ပါးကို ရင်ဆိုင်ရင်း အယ်တာက ရယ်မောကာ ဝန်ခံလိုက်သည်။

"ဟုတ်တယ်၊ တကယ်တော့ ငါ ထူးထူးဆန်းဆန်း တစ်ခုခုကို တွေးနေ

တာပဲ"

"အယ်တာ"

စပီအယ်ရာက ထိတ်လန့်တကြီး အော်ဟစ်လိုက်သော်လည်း နောက်ကျသွားခဲ့ပြီဖြစ်သည်။ အယ်တာသည် နောက်ဆုံးအချိန်အထိ သူမ၏ ဒေါသကို မထိန်းချုပ်နိုင်ခဲ့ဘဲ၊ ပါးလွှာသော ဒေါသကြိုးမျှင်လေးသည် မြွေဟောက်တစ်ကောင်ကဲ့သို့ တွားသွားလာသည်။ သူမ၏ စကားလုံးများသည် အဆင့်မြင့် ကောင်းကင်တမန် နှစ်ပါးကို ကိုက်သတ်တော့မည့်အလား ထက်မြက်နေသည်။

"ငါ သခင့်ကို ယုံကြည်ပြီး ကြည်ညိုပါတယ်၊ ဒါပေမဲ့ အရာအားလုံးက သူ့သဘောကျ ဖြစ်လာမှာ မဟုတ်ဘူးလို့လည်း ငါ ထင်တယ်၊ ဒီကိစ္စကလည်း အတူတူပဲ၊ ဒီအစီအစဉ်က ကမ္ဘာမြေသားတွေ အကုန်သေသွားပြီး၊ ကမ္ဘာမြေကြီးက သူ့ဘာသာသူ အဆင့်မြင့်ကမ္ဘာတစ်ခုအဖြစ် လုံးဝ ပြောင်းလဲသွားမှပဲ အဓိပ္ပာယ်ရှိမှာလေ... ဒါပေမဲ့"

"အဲဒီလို ဖြစ်လာမှာပဲလေ၊ အဲဒါ သိသာနေတာ မဟုတ်ဘူးလား"

"အဲဒါ တကယ်တော့ မသိသာပါဘူး"

အယ်တာ၏ မျက်လုံးများ အရောင်လက်လာသည်။ သူမကိုယ်တိုင်ပင် မယုံကြည်နိုင်သော်လည်း ယခုအချိန်တွင် သူမ မျက်ရည်ဝဲနေသည်။

"ကမ္ဘာမြေက ငါတို့ရဲ့ မျှော်လင့်ချက်တွေကို အမြဲတမ်း ကျော်လွန်နေတယ်လို့ နင် ပြောခဲ့တယ် မဟုတ်လား၊ ဒါပေမဲ့ အဲဒီမတိုင်ခင်ကတည်းက ငါတို့ရဲ့ မျှော်လင့်ချက်တွေကို ကျော်လွန်ခဲ့တဲ့ ဖြစ်တည်မှုတစ်ခု ရှိခဲ့တယ်၊ ဟုတ်တယ်၊ နင်ထင်တာ မှန်တယ်၊ အဲဒါ ယူးအီဟန်ပဲ၊ သူက တစ်နေ့ကျရင် အဆင့်မြင့်မြတ်သူ တစ်ပါး ဖြစ်လာပြီး သူ့ဘာသာသူ ကမ္ဘာမြေကို အုပ်စိုး

လိမ့်မယ်၊ ပြီးတော့ ဘယ်သူကမှ ကမ္ဘာမြေကို ရယူနိုင်မှာ မဟုတ်ဘူး"

"အဲဒါ မဖြစ်နိုင်ဘူး၊ ဘယ်လောက်ပဲ ထူးချွန်တဲ့ လူသားဖြစ်ပါစေ၊ သူ့ဘာသာသူ အဆင့်မြင့်မြတ်သူတစ်ပါး ဖြစ်လာဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ကမ္ဘာမြေမှာ ပိတ်မိနေတဲ့ သူက အဆင့်မြင့်မြတ်သူ အဖွဲ့အစည်းတွေနဲ့လည်း ဆက်သွယ်လို့ မရနိုင်သလို၊ ဘယ်သူကမှလည်း သူ့ကို တွေ့မှာမဟုတ်ဘူး"

"ဒီသမိုင်းကြောင်းရှည်ကြီးထဲမှာ သုံးယောက် ရှိခဲ့ဖူးတယ်၊ နောက်ထပ်တစ်ယောက် ထပ်ရှိလာလည်း ထူးဆန်းမှာ မဟုတ်ဘူး၊ နေဦး… လေးယောက်များလား၊ ငါတို့ ကိုးကွယ်တဲ့သူတောင်မှ တစ်ချိန်က ဖန်ဆင်းခံလေးတစ်ခု ဖြစ်ခဲ့နိုင်ခြေ ရှိတယ် မဟုတ်လား"

"ဘုရားကို စော်ကားတာပဲ"

တိုက်ဘီရက် က အော်ဟစ်လိုက်ပြီး စပီအယ်ရာလည်း ဒေါသတကြီးဖြင့် သူမ၏လုံ့ကို ဆုပ်ကိုင်လိုက်သည်။ သို့သော် အယ်တာသည် သူမထက် စွမ်းအားကြီးသော နှစ်ဦး အရှေ့တွင် ရှိနေသော်လည်း မဆိုင်းမတွ ဆက်လက်ပြောဆိုနေသည်။

"ကောင်းကင်ဘုံတပ်မတော်၊ တောက်ပသောအလင်းရောင်တပ်မတော်၊ ဖျက်ဆီးခြင်းနတ်ဆိုးတပ်သားများ၊ နဲ့ နေဝင်ဆည်းဆာ ဥယျာဉ် အဖွဲ့အစည်းတွေထဲက ဘယ်သူမှ ယူးအီဟန်ကို ကြည့်မှာ မဟုတ်ဘူးလို့ နင်ပြောခဲ့တယ်နော်၊ ဒါပေမဲ့ အဲဒါက ပြောင်းပြန်ပဲ၊ ယူးအီဟန်က ငါတို့ အဆင့်မြင့်မြတ်သူ အဖွဲ့အစည်းတွေကို တစ်ချက်လေးတောင် လှည့်မကြည့်ခဲ့ဘူး၊ သူမြင်တဲ့ ငါတို့ဆိုတာ တစ်ယောက်တည်း ရပ်တည်ရမှာ ကြောက်လို့ အုပ်စုဖွဲ့နေကြတဲ့ သတ္တိကြောင်တဲ့ ကောင်တွေ အစုအဝေး သက်သက်ပဲ၊ သူက သူ့ဘာသာသူ အဆင့်မြင့်မြတ်သူတစ်ပါး ဖြစ်လာလိမ့်မယ်"

"… ရာထူးတိုးတာ လုံးဝ မဖြစ်ခဲ့ဘူးလို့ပဲ သဘောထားလိုက်ကြစို့၊ နင့်ရဲ့

စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုက အခုထိ လိုအပ်နေသေးပုံပဲ၊ နင့်ခေါင်းကို နင် ပြန်အအေးခံဖို့ လိုတယ်"

"ငါလည်း အဲဒီလိုပဲ လုပ်ချင်ပါတယ်၊ ဒါဆို ငါ ဒီမှာတင် ခွင့်ပြုပါဦး၊ ငါ့ကို လိုက်မရှာရင် ကျေးဇူးတင်မှာပါ"

အယ်တာသည် နောက်ဆုံးအချိန်အထိ သူမ၏ စကားများတွင် အရှုံးမပေးခဲ့ဘဲ တောင်ပံများကို ဖြန့်လိုက်သည်။ ထို့နောက် အဆင့်မြင့်ကောင်းကင်တမန်များ သူမကို ဖမ်းမဆွဲနိုင်မီလေးတွင် ပျံသန်းထွက်ခွာသွားလေသည်။

'အရှုံးမ၊ ငါက တကယ့် အရှုံးမပဲ'

သူမ၏ စိတ်ခံစားချက်များကိုပင် မထိန်းချုပ်နိုင်ဘဲ ဘုရားကို စော်ကားသော စကားများ ပြောဆိုခဲ့သည့်အပြင် သူမ၏ အထက်လူကြီးများကိုပါ ရန်စခဲ့သည်။ သူမသည် အဆင့်မြင့်မြတ်သူတစ်ပါးအဖြစ် အရည်အချင်း မပြည့်မီပေ။ သို့သော် တစ်ချိန်တည်းမှာပင် ဤသို့လည်း တွေးမိသည်။

'ဒါဆို အနာဂတ်မှာ ပိုကြီးမားတဲ့ အမှားတွေ မလုပ်မိအောင် ငါ သတိထားရမယ်'

သူမ ယူးအီဟန်ကို တွေးလိုက်သည်။ သူသည် ကိုယ်ပိုင်စွမ်းအားဖြင့် အဆင့်မြင့်မြတ်သူတစ်ပါး ဖြစ်လာပြီး ကမ္ဘာမြေ၏ အရှင်သခင် ဖြစ်လာလိမ့်မည်ဟု သူမ ယုံကြည်သည်။ မဟုတ်ဘူး... သူမက အဲဒီလိုပဲ ယုံကြည်ချင်နေတာ ဖြစ်နိုင်ပေမဲ့၊ သူမ အဲဒီလောက်အထိ အသည်းအသန် ဖြစ်နေခဲ့တာပါ။

'အခုကစပြီး ငါ ပြင်ဆင်ရမယ်'

စိတ်ထဲတွင် ဆုံးဖြတ်ချက်ချလိုက်ပြီး သူမ၏ တောင်ပံများကို ထပ်မံခတ်

လိုက်သည်။

သူမ ဘယ်ကို ဦးတည်သွားနေသည်ကို သူမတစ်ယောက်တည်းသာ သိပေသည်။

(စာရေးသူ၏ မှတ်စု)

ယူးအီဟန် လျှောက်တဲ့လမ်း၊ လီအယ်ရာ လျှောက်တဲ့လမ်း၊ စပီအယ်ရာ လျှောက်တဲ့လမ်း၊ ပြီးတော့ အယ်တာ လျှောက်တဲ့လမ်း။ အားလုံး မတူညီကြဘူး ထင်ပါတယ်။

အပိုင်း ( ၁၉၁ ) ပြီးဆုံး။

***